**Website:** [www.shanhumanrights.org](http://www.shanhumanrights.org)

**Email:** shanhumanrights@gmail.com

**Phone:** **+ 66 (0) 93-297-7754**

**ရှမ်းလူ့အခွင့်ရေးမဏ္ဍိုင်မှထုတ်ပြန်ချက်**

**ဩဂုတ်လ ၁၄ ရက်နေ့ ၂၀၁၅ ခုနှစ်**

**ဗမာစစ်တပ်မှ မော်တာနှင့်ပစ်ခတ်မှုကြောင့် SSPP/SSA စစ်ဌာနချုပ်အနီးရှိရွာသူရွာသား ထောင်ချီမှာ အသက်အန္တရာယ်စိုးရိမ်နေကြရသည်။**

ဩဂုတ်လ(၇)ရက်နေ့၂၀၁၅ခုနှစ်တွင်တနိုင်ငံလုံးအပစ်ခတ်ရပ်စဲရေးနှင့်အရေးကြီးဆွေးနွေးမှုကိုရန်ကုန်တွင်ကိုရန်ကုန်တွင်ပြုလုပ်နေချိန်၊ဗမာစစ်တပ်မှရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော်(SSPP/SSA) ဌာနချုပ်အားမော်တာ ဖြင့်ပစ်ခတ်မှုကြောင့် ကျေးသီးမြို့ နယ်တွင်းရှိရွာ ၈ ရွာမှအရပ်သား ၃၇၀၀ ကျော်မှာစိုးရိမ်နေရသည်။

ကြူမောက်ခေါဝ် အခြေချဗမာစစ်တပ်သည် ၁၂၀ မီလီမီတာ ၅ လုံးဖြင့်  SSPP/SSA ဝမ်ဟိုင်း စစ်ဌာနချုပ်မြောက်ဘက်(၈)ကီလိုမီတာအကွာသို့ပစ်ခတ်ခဲ့သည်။၎င်းကျည်တို့မှာ(ဝမ်ဟိုင်း)အရှေ့ဘက်ရှိဝမ်ပန်နားနောင်၊ ဝမ်နမ့်လင်းလုံနှင့်ဝမ်နောင်ဟီးအနီးသို့ကျရောက်ခဲ့သည်။ကံကောင်း၍မည်သူတစ်ဦးတစ်ယောက်မှထိခိုက်ခြင်းမရှိပေ။သို့သော်အရပ်သူအရပ်သားတို့မှာလွန်စွာစိုးရိမ်နေကြပြီး၂၀၁၁ခုနှစ်အတွင်း SSPP/SSA အားဗမာစစ်တပ်က အပြင်းထန်ဆုံးတိုက်ခိုက်ပြီးနောက် ပိုင်း ရပ်သူရပ်သားများ၏အိမ်နီးနားတစ်ဝိုက်ပုံးကျရောက်ခြင်းကိုမကြုံတွေ့ဖူးပေ။

၇/၈/၂၀၁၅နံနက်စောပိုင်းအချိန်ဂမ်ဟိုင်တောင်ဘက်၂၀ကီလိုကွာနေရာတွင်ဗမာစစ်တပ်နှင့်ရှမ်းစစ်တပ်တို နှစ်ဘက်ရုတ်တရက်လမ်းပေါ်တွင်တွေ့ဆုံတိုက်ပွဲ ဖြစ်ခဲ့သည်။ ဗမာ စစ်ကြောင်း သည်လမ်းပေါ်တွင်သွားနေစဉ် SSPP/SSA စစ်ကြောင်းကလမ်းကိုဖြတ်ရာ တွေ့ဆုံတိုက်ပွဲဖြစ်ခဲ့သည်။

မမျှော်လင့်သည့်တိုက်ခိုက်မှုသည်ဖြစ်လေ့ဖြစ်ထရှိသော်လည်း သက်ဆိုင်ရာနှစ်ဦးနှစ်ဘက်ဆွေးနွေးဖြေရှင်း ရမည့်အစားဗမာစစ်တပ်သည် SSPP/SSAစစ်ဌာနချုပ်သို့လက်နက်ကြီး ဖြင့်ပစ်ခတ်ခဲ့သည်။

ဗမာစစ်တပ်၏စက်ဆုတ်ရွံ့ဖွယ်လုပ်ရပ်တွေကြောင့် ရွာ(၈)ရွာအတွင်းရှိရပ်သူရပ်သားထောင်ချီတို့မှာ အသက်အန္တရာယ်စိုးရိမ်ထိပ်လန့်မှုဖြစ်ပေါ်စေသည့် အတွက် ရှမ်းလူ့အခွင့်ရေးမဏ္ဍိုင်မှ ရှုတ်ချလိုက်သည်။

ဗမာစစ်အစိုးရနှင့် ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် တို့အပစ်ခတ်ရပ်စဲရေးစာချုပ်ကို ဇန်နဝါရီလ ၂၀၁၂ ခုနှစ်ထပ်ထိုးခဲ့သည့်နောက် ဗမာစစ်တပ်၏ ထိုးစစ်ဆင် ခြင်း ပိုင်းပိတ်ခြင်းကို SSPP/SSA ကခံနေခဲ့ရသည်။ ယခုလက်ရှိ ဗမာတပ်ရင်းပေါင်း(၁၇) တပ်ရင်းတို့သည် ဝမ်ဟိုင်း ဧရိယာကိုဝိုင်းရံထားသည်။

ဗမာစစ်တပ် သည်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လေးစားလိုက်နာသင့်သည်။ ဗမာစစ်အစိုးရသည်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုရိုးသားစွာလိုက်နာခါ၊ထိုးစစ်ဖြင့်နယ်မြေတိုးချဲ့ခြင်းကို ရပ်တန့်ရန်၊ ပဋိပက္ခဖြစ်ရာ နေရာမှ တပ်များဆုတ်ခွါရန် ရှမ်းလူ့အခွင့်အရေး မဏ္ဍိုင်မှ ထပ်မံတောင်းဆိုလိုက်သည်။

**အသေးစိတ်သိလိုပါကဆက်သွယ်ရန်လိပ်စာ**

စိုင်းဟော်ရဲန် ဖုန်း (၀) ၆၂-၉၄၁-၉၆၀၀ ( ရှမ်း၊ အင်္ဂလိပ် )

စိုင်းခွန်းမိုင် ဖုန်း (၀) ၉၄-၆၃၈၆-၇၅၉ (ဗမာ၊ အင်္ဂလိပ် )

ရုံးဖုန်း ဖုန်း (၀) ၉၃-၂၉၇-၇၇၅၄

၇ ရက်နေ့ ဩဂုတ်လ ၂၀၁၅ ခုနစ် မြန်မာ့တပ်မတော်မှ
ရှမ်းပြည်တပ်မတော် SSPP/SSA ဌာနချုပ်သို့ လက်နက်ကြီးဖြင့်ပစ်ခတ်ရာပြမြေပုံ

